


စာစဉ် - ၄

# ဘိုက်ကောင်း ပြန်ရှင်လာပြီ

# အပိုင်း ၄၁
# နတ်ဆိုးသမားတော် ဘယ်ရောက်သွားတာလဲ

ကျွင်းဟောင်သည် နတ်ဆိုးသမားတော်က ရီမိသားစုမှ ပြဿနာလာရှာမည်ကို ထိတ်လန့်၍ ခေတ္တရှောင်ရှား နေသည်ဟုသာ ထင်ခဲ့ခြင်းဖြစ်သည်။ သို့သော် အချိန်ကြာလာသည့်အခါ သူ မသက်မသာဖြစ်လာသည်။

ချီရှောက်ရှန်က ချီမိသားစုမှ သူ့အတွက် ပြင်ဆင်ပေးထားသည့် အိမ်တော်တွင်နေသည်။ ရက်အနည်းငယ်အထိ မည်သည့်ဧည့်သည်မှ မရှိခဲ့ပေ။

ထို့နောက် ကျွင်းဟောင်က နောက်တစ်ရက်တွင် လာလည်သည်။

ချီရှောက်ရှန်က အပြုံးဖြင့် ကျွင်းဟောင်ကို ကြည့်ပြီးပြော၏။

"သခင်လေးကျွင်းတောင် ရောက်လာတာပဲ၊ သခင်လေးကျွင်းက ဒီရက်တွေမှာ လုပ်စရာအလုပ်တွေ မရှိဘူးနဲ့တူပါတယ်"

"ဒီလိုရောက်လာရတဲ့အတွက် စိတ်မကောင်းပါဘူး"

"ကျွန်တော် ဖျက်သိမ်းခဲ့တဲ့ကိစ္စအတွက်လည်း တောင်းပန်ပါတယ်"

ချီရှောက်ရှန်က လက်ကာပြသည်။

"အဆင်ပြေပါတယ်၊ ငါက အပျော်ဂေဟာလေးတစ်ခု ဖွင့်ထားတာဆိုတော့ ဗီလိန်တွေကို မြင်ဖူးပါတယ်၊ ဒီတော့ သူတို့ရဲ့ ဆွေမျိုးတွေကိုတောင် မမှတ်မိဘဲ ပြဿနာလာရှာတဲ့ သူတွေကိုလည်း မကြာခဏ တွေ့နေရတာပဲ၊ ဒါကြောင့် ကိစ္စမရှိပါဘူး"

ကျွင်းဟောင်"..."

ရှန်းယွမ်"..."

ချီရှောက်ရှန်က ရှန်းယွမ်ကို ကြည့်ကာ ပြောသည်။

"သခင်လေး ရှန်း၊ သခင်လေးက အမြဲတမ်း အားလပ်နေတာပဲနော်၊ နေရာတိုင်းကို တွေ့နေရတော့တာပဲ"

ရှန်းယွမ်"..."

သူ မလိုက်လာခဲ့သင့်တာပါ။

"စတုတ္ထညီငယ် အခုတလော ဘယ်လိုအခြေအနေရှိလဲ"

ချီရှောက်ဖူက ပြောသည်။

ချီရှောက်ရှန်က ချီရှောက်ဖူကို ပြုံးကာ ပြောလိုက်သည်။

"အဆင်ပြေပါတယ် အစ်ကို သုံး၊ အခုပဲကြည့်လေ၊ ကျွန်တော် ဘယ်လောက်ချောလာလိုက်သလဲ"

ချီရှောက်ရှန်က မှန်လေးကို ထုတ်ကာ ပွတ်လိုက်လေပြီး သူ့မျက်ခုံးနှင့် မျက်လုံးတွေကို ကြည့်လိုက်သည်။

"အစ်ကို သုံး ဒီနေ့လာတာက ကျွန်တော် အသက်ရှင်နေသေးသလားလို့ လာကြည့်တာတော့ မဟုတ်ပါဘူးနော်၊ ဘာကိစ္စရှိလို့လဲ ပြောပါ"

ချီရှောက်ရှန်က မှန်ကိုကြည့်ကာ မျက်နှာချေကို ပြင်နေရင်းမှ ပြောလိုက်သည်။

"ရှောက်ရှန် မင်းနဲ့ နတ်ဆိုးသမားတော်က အရမ်းရင်းနှီးကြတာ မဟုတ်လား၊ သူ ဘာလို့ ပျောက်သွားသလဲဆိုတာကို သိလား"

ချီရှောက်ဖူက ပြောသည်။

ချီရှောက်ရှန်က ခေါင်းညိတ်သည်။

"သိတာပေါ့"

"သူက ဘယ်ရောက်သွားလဲ"

ကျွင်းဟောင်က အလောတကြီးမေးလာသည်။

ချီရှောက်ရှန်က မေးကို မော့ကာ ပြောသည်။

"အင်ပါယာမြို့တော်မှာ ဘာစိတ်ဝင်စားစရာမှ မရှိတော့လို့ သူ့ရဲ့ တွေးတောမှုအတွက် မသင့်လျော်ဘူးဆိုပြီး ထွက်သွားတာလေ"

ကျွင်းဟောင်၏ အကြည့်တွေက ထက်ရှသွားသည်။

"သူ တကယ်သွားပြီလား"

"သွားပြီလေ"

ကျွင်းဟောင်က မျက်မှောင်ကြုတ်ပြန်သည်။

"ဘာလို့ သူ မသွားခင်မှာ ငါ့ကို မနှုတ်ဆက်သွားတာလဲ"

ချီရှောက်ရှန်က ပုခုံးတွန့်ပြသည်။

"ဘယ်သိမှာလဲ"

"ဒါဆို နှုတ်ဆက်ပါတယ်"

ကျွင်းဟောင်က ပြောပြီးသည်နှင့် ထွက်သွားတော့ပေသည်။

"သခင်းလေးကျွင်းကိုလည်း နှုတ်ဆက်ပါတယ်"

ချီရှောက်ရှန်က လှမ်းအော်လိုက်သည်။

ကျွင်းဟောင် ထွက်သွားပြီးနောက် ရှန်းယွမ်ကလည်း ထွက်သွားသည်။ ချီရှောက်ဖူသာ ကျန်နေရစ်ခဲ့၏။

"စတုတ္ထညီလေး နတ်ဆိုးသမားတော်က တကယ် ထွက်သွားပြီလား"

ချီရှောက်ဖူက ချီရှောက်ရုန်ကို တစ်ချက်ကြည့်ကာ မေးလိုက်သည်။

ချီရှောက်ဖူက လေးနက်စွာ ပြန်ကြည့်လာသဖြင့် ချီရှောက်ရုန်က ပြော လိုက်၏။

"တကယ်လို့ သူ မထွက်သွားဘူးဆိုရင် ရီမိသားစုက သူ့ကို ပြဿနာ လာ ရှာတော့မှာပေါ့"

ချီရှောက်ဖူက သက်ပြင်းချကာ ပြောသည်။

"ရီမိသားစုက တကယ်ကို အရှုပ်အထွေးတွေထဲ ရောက်နေတာ၊ ရီရွှမ်းက မိသားစုကနေ ရီဖန်ကို ထုတ်ပယ်လိုက်ပြီဆိုတာ မင်းသိလား"

ချီရှောက်ရုန်က အံ့သြသွားသည်။

"ရီဖန်ကို မိသားစုကနေ ထုတ်ပယ်လိုက်ပြီ ဟုတ်လား၊ ဘာဖြစ်သွားတာ လဲ"

ချီရှောက်ဖူက ပြောပြသည်။

"ရီဟောင်က သေမလို ဖြစ်သွားတာကိုတောင် ရီဖန်က ရောက်မလာဘူး လေ၊ ဒါကြောင့် ရီရွှမ်းက ဒေါသထွက်ပြီး ရီဖန်ကို မိသားစုကနေ ထုတ်ပယ် လိုက်တော့တာပေါ့"

ချီရှောက်ရုန်က ခေါင်းညိတ်သည်။

"ရီရွှမ်း တော်တော် ဒေါသထွက်သွားတာပဲ၊ ဒါပေမယ့် ရီဖန်ကတော့ မ မှားပါဘူး"

ချီရှောက်ဖူက အထိတ်တလန့် ပြောလာသည်။

"ရှောက်ရုန် ဒါမျိုးတွေ မပြောရဘူးနော်၊ ရီဖန် သူက ပုန်းကွယ်နေလို့ မရ ဘူး၊ ရီဟောင်က ဒီလိုခက်ခဲတဲ့အချိန် ရောက်နေတဲ့အချိန်မှာ သူက အပြင် ကို လျှောက်သွားနေတာကိုး"

ချီရှောက်ရန်က ဖန်ခွက်ထဲရှိရေတွေကို တစ်ချက်ကြည့်နေပြီးနောက် ပြောလိုက်သည်။

"ရီမိသားစုက ကောင်းတဲ့နေရာမှ မဟုတ်တာ၊ ဒီတော့ စောစောထွက်သွားတာက အကောင်းဆုံးပါပဲ"

ချီရှောက်ဖူက ချီရှောက်ရန်၏ အခြေအနေကို တွေးမိကာ ငြိမ်သက်သွားသည်။ ချီရှောက်ဖူနှင့် ချီရှောက်ရန်တို့က စကားအနည်းငယ် ပြောပြီးသည်နှင့် ချီရှောက်ဖူ ထွက်သွားတော့ပေသည်။

အားလုံးပြန်သွားသည့်အခါ အနက်ရောင်ဝတ်စုံနှင့်လူက အခန်းထဲသို့ ရောက်လာသည်။

"မင်း ရောက်လာတာ မြန်လိုက်တာ၊ သူတို့သွားတာ ကောင်းတယ်၊ မဟုတ်ရင် သူတို့ ညစာစားတဲ့အချိန်အထိ နေနေလို့ကတော့ ငါ သူတို့ကို ချက်ပေးနေရလိမ့်မယ်"

ချီရှောက်ရန်က အေးစက်စွာပြောသည်။

"သူတို့က သခင်လေးရဲ့လက်ရာကို စားရဖို့အထိ မတန်ပါဘူး"

သူကလည်း ပြောသည်။

"ဂုဏ်ယူပါတယ် မင်း နောက်ဆုံးတော့ မိသားစုကနေ ထွက်လို့ရသွားပြီ"

ချီရှောက်ရန်က ရီဖန်ကို တစ်ချက်ကြည့်လိုက်သည်။

ရီဖန်က ခုံတွင် ဝင်ထိုင်ပြီးနောက် ပြောလာသည်။

"ဒါက ငါ ထင်ထားတာထက်တောင် မြန်နေပါသေးတယ်"

ချီရှောက်ရန်က ပြောလိုက်သည်။

"ဘာပဲဖြစ်ဖြစ် မင်း နောက်ဆုံးတော့ ထွက်လိုက်ရတာပဲ မဟုတ်လား"

"ဟုတ်တယ် ငါမှ မဟုတ်ပါဘူး သခင်လေး၊ သခင်လေးကရော ဘယ်လို ဖြစ်ပြီး နတ်ဆိုးသမားတော်အဖြစ်ကို လက်လျှော့လိုက်တာလဲ"

ချီရှောက်ရှန်က ခေါင်းခါကာ ပြောသည်။

"ဒီအတိုင်းတွေးမိလို့ပါ၊ ကိစ္စတွေက ငါ စီစဉ်ထားတာထက် ချော်ထွက်နေတယ်"

"ဘာလို့လဲ၊ သခင်လေးကျွင်းက နတ်ဆိုးသမားတော်ကို ချစ်မိသွားလို့လား"

ချီရှောက်ရှန်က ရီဖန်ကို ကြည့်သည်။

"ပေါက်ကရတွေ မပြောစမ်းနဲ့၊ ကျွင်းဟောင်ကို နတ်ဆိုးသမားတော်က အသက်(၇၀) ကျော်ပြီလို့ ငါ ပြောပြီးသား"

"ဒါပေမယ့် ကျွင်းဟောင်ကတော့ စိတ်ထဲထားပုံမရဘူးလေ၊ ကျွင်းဟောင်က ဒီတစ်ကြိမ်မှာ အရမ်းကို အလေးအနက်ဖြစ်နေတဲ့ပုံပဲ၊ အဲဒီခွေးမ ရီချူးရှယ်က သခင်လေးကို အနှောင့်အယှက်ပေးလိုက်တော့ ကျွင်းဟောင် ဘယ်လောက် ဒေါသထွက်သွားသလဲ သိလား၊ ရီချူးရှယ်က ဒီကိစ္စကြောင့်ပဲ ကျွင်းဟောင် ကြိုက်နေတာက နတ်ဆိုးသမားတော်ဆိုပြီး လျှောက်ဖွလိုက်တာလေ"

ချီရှောက်ရှန်က ပြောသည်။

"မင်းအများကြီး တွေးနေပြီ၊ ကျွင်းဟောင်က နို့နံ့တောင်မစင်သေးတဲ့ ကလေးတစ်ယောက်ပဲ၊ သူက ငယ်ရွယ်ချိန်မှာ ရူးနှမ်းတာက ပုံမှန်ပါပဲ"

"သခင်လေးက တကယ်အံ့ဩဖို့ ကောင်းလိုက်တာ၊ သခင်လေးက မျက်နှာတောင် မပြဘဲ လှည့်ဖြားလိုက်နိုင်တယ်၊ တကယ်ကိုအဆိပ်ပြင်းတဲ့မြေခွေးပဲ"

ရီဖန်က စသည်။

"ငါ့အကြောင်းတွေ မပြောစမ်းပါနဲ့၊ ငါကြားတာတော့ မင်းနဲ့မူရှယ်လန်က အတူနေနေတုန်းဆို"

ချီရှောက်ရန်က ပြောသည်။

ရီဖန်က ခေါင်းညိတ်၏။

"ဟုတ်တယ်၊ အဲဒီမိန်းမက တကယ်ထူးဆန်းတယ်၊ ကျွန်တော်နဲ့ ကွာရှင်းချင်တယ်ပြောပြီး အခုအချိန်အထိ အိမ်ကနေ ထွက်မသွားသေးဘူးလေ"

ချီရှောက်ရန်က ခေါင်းကိုခါနေသည်။

"သခင်လေး ကျောင်းတွေက ဖွင့်တော့မယ်နော်"

ရီဖန်က ပြောသည်။

ချီရှောက်ရန်က ခေါင်းညိတ်၏။

"ဟုတ်တယ်၊ ဒီလိုဆိုမှ မင်းက ငါ့ရဲ့စီနီယာပဲ အကြံဉာဏ်လေးများရှိသလား"

"ကျွန်တော်လည်း ဒီနယ်ပယ်မှာ သိပ်မတော်ဘူး၊ ထျန်းလန်အကယ်ဒမီရဲ့ ကျောင်းအုပ်က သာမန်လူတွေအတွက်တော့ အဆင်ပြေပါတယ်၊ အထက်တန်းလွှာတွေနဲ့ သာမန်လူတွေကြားက တိုက်ပွဲတွေ ရှိမယ်ဆိုရင်တောင်မှ ကျောင်းအုပ်က သာမန်လူတွေဘက်က လိုက်ပေးလိမ့်မယ်၊ သခင်လေးက ချီမိသားစုရဲ့ သခင်လေး ဆိုပေမယ့် အကယ်ဒမီက သာမန်လူတွေနဲ့ ပြဿနာမဖြစ်တာက အကောင်းဆုံးပါပဲ"

ရီဖန်က ပြောလိုက်သည်။

ချီရှောက်ရန်က ခေါင်းညိတ်သည်။

"ငါ သိတယ်၊ ကျောင်းအုပ်က စိတ်ရင်းကောင်းမယ့်ပုံစံပါပဲ၊ ရီဖန်

အထူးတန်းက ဘာတွေ သင်သလဲဆိုတာကို သိသလား"

"အထူးတန်းက အထက်တန်းလွှာက သူတွေ ပိုက်ဆံကြေးမြင့်မြင့် ပေးတက်တဲ့ အတန်းပါပဲ"

"ဥပမာအားဖြင့် အရေးပေါ်ကုသဖို့လိုအပ်တဲ့ ဆေးဝါးတန်းတွေ၊ ပြီးတော့ ရှားပါးတဲ့ ဆေးပင်တွေအကြောင်းတွေ၊ ထူးဆန်းတဲ့ ရတနာအကြောင်းတွေ၊ စီးပွားရေးအကြောင်းတွေ စသဖြင့်ပေါ့၊ ပြောရရင် စီးပွားရေးသမားတွေ အများစုတော့ တက်ကြတယ်လို့ ပြောရမှာပဲ"

ချီရှောက်ရုန်က ရီဖန်ကို ကြည့်ကာ ပြောသည်။

"အကယ်ဒမီက ဒီလိုကျောင်းသားတွေကို အခွင့်အရေးထူးတွေ မပေးဘူးလား"

"ချမ်းသာတဲ့သူတွေအတွက်ကတော့ ထျန်းလန်အကယ်ဒမီရဲ့ အထူးတန်းက တန်ကြေးမြင့်မြင့်ပေးပြီး အခွင့်ထူးတွေ တောင်းခံလို့ ရတယ်ဆိုတာကို သိထားကြတာပဲ၊"

ချီရှောက်ရုန်က ရီဖန်ကို ကြည့်ကာ မေးသည်။

"တကယ်လို့ ငါက အတန်းမတက်ဘူးဆိုရင် ဖြေရှင်းလို့ရမယ့် နည်းလမ်းရှိသလား"

"ဒါပေါ့ ရှိတာပေါ့၊ ထျန်းလန်အကယ်ဒမီက အကယ်ဒမီစာကြည့်တိုက်ရှိတယ်၊ အတန်းတက်တက် မတက်တက် သင်ခန်းစာရှစ်ခုကို ပိုင်နိုင်နေပြီး စာသင်နှစ်အဆုံးမှာ အောင်မြင်မယ်ဆိုရင် အဆင်ပြေတာပဲလေ၊ တကယ်လို့ မအောင်ဘူးဆိုရင်လည်း အဆင်ပြေပါတယ်၊ ရွှေပြား ငါးထောင်သာ ပေးလိုက်၊ ဆရာတွေက ဖြစ်တဲ့နည်းနဲ့ အောင်အောင် လုပ်ပေးလိမ့်မယ်"

ချီရှောက်ရှန် သိချင်သွား၏။

"ရွှေပြားငါးထောင်ဟုတ်လား၊ တန်ကြေးသတ်မှတ်ထားတာလား"

"ဟုတ်တယ်"

ချီရှောက်ရှန်"..."

ရီဖန်က ဆက်ပြောသည်။

"အကယ်ဒမီက ဒီအထူးတန်းဆိုတာက ပိုက်ဆံရှာဖို့ သက်သက်အတွက်ဆိုတာ သိသာနေတာပဲလေ၊ ပြောရမယ်ဆိုရင် ကလန်တွေက စီနီယာတွေက ဂရုမစိုက်တဲ့ ကျောင်းသားတွေကပဲ ဒီအထူးတန်းကိုတက်ကြတာ၊ ဒါပေမယ့် သူတို့က နောက်ခံက ကောင်းမွန်တော့ ရွှေပြားငါးထောင်လောက်ပေးပြီး အတန်းကို အောင်မြင်အောင် လုပ်လိုက်ကြတာပေ့ါ၊ ဒါကြောင့် တစ်နှစ်တစ်နှစ် ရွှေပြားသောင်းကျော် ပေးရတယ်"

ရီချူးရွှယ်က ရီရွှမ်း၏ ပစားပေးထားသော သမီးတစ်ယောက် ဖြစ်သည့်တိုင်အောင် ရီချူးရွှယ်အနေဖြင့် တစ်လလျှင် ရွှေပြား နှစ်ရာသာ ကိုင်တွယ်နိုင်ပေသည်။

"ငါ သိပြီ"

မိသားစုကြီးတွေက ချမ်းသာသည့်တိုင်အောင် အားလုံးက ခေါင်းဆောင်တွေကသာ ကိုင်တွယ်ထားလေပြီး သခင်လေး၊ သခင်မလေးတွေကို အနည်းငယ်သာ ပေးထားပြီး သူတို့တွင် အင်အားအပြည့်အဝ မရှိပါပေ။

"အားလုံးက သခင်လေးလို မဟုတ်ဘူးလေ၊ သခင်လေးကတော့ ငယ်ငယ်ရွယ်ရွယ်မှာတောင် ဒီလောက်အထိ အများကြီးရှာဖွေနိုင်နေပြီ"

ချီရှောက်ရှန်က လက်ကာပြလိုက်ကာ ပြောလိုက်သည်။

"ဒီလောက်အထိ ထည့်ပြောဖို့ မလိုအပ်ပါဘူး၊ အနာဂါတ်မှာ အခွင့်အရေး

တွေ အများကြီး ရှိနေဖို့ပဲ မျှော်လင့်ရတာပဲ"

ရီဖန်က ပြုံးလိုက်သည်။

"ဒါဆိုရင် သခင်လေးကို စောင့်ဆိုင်းနေပါ့မယ်"

ချီရှောက်ရန်က ခရီးဆောင်အိတ်နှင့်အတူ အကယ်ဒမီထဲသို့ ဝင်လိုက်သည်။ ချီရှောက်ယွီက ချီရှောက်ရန်အနားမှ လျှောက်လာကာ စကားပြောသည်။

"အစ်ကို(၄) အဖေက အစ်ကို ထျန်းလန်အကယ်ဒမီမှာတက်ဖို့အတွက် ပိုက်ဆံအများကြီး ရှာပေးထားတာ၊ ကောင်းကောင်း ပြုမူရင်ကောင်းမယ်၊ ကောင်းကောင်းပြုမူလို့ ထျန်းလန်အကယ်ဒမီက ဘွဲ့ရပြီးပြီဆိုရင် အဖေက နင့်ကို မိသားစုကောင်းတစ်ခုရှာပြီး လက်ထပ်ခိုင်းလိမ့်မယ်"

ချီရှောက်ရန်က စိတ်ရှုပ်ထွေးဖွယ်ကောင်းလှသည့် အတွေးတွေနှင့် ပြည့်နှက်နေသည်။ ချီရှောက်ယွီဟာ သူ့ကို မိန်းမတစ်ယောက်ကဲ့သို့ တွေးတောနေသည်လား မသိပေ။ သည်ကုန်းမြေတွင် ထိုသို့ လက်ထပ်သည်က ပုံမှန်ဖြစ်နေသည့်တိုင်အောင် သူသည်လည်း ဇနီးမယားတွေနှင့် လက်ထပ်နိုင်သေးပေ၏။

ချီရှောက်ရန်က ရပ်လိုက်ကာ ချီရှောက်ယွီကို ပြောလိုက်သည်။

"ညီမငါး မင်း ငါ့နောက်ကို လိုက်ဖို့မလိုဘူး၊ ငါ့ဘာသာ ငါ သွားနိုင်တယ်"

ချီရှောက်ယွီက ချီရှောက်ရန်ကို မကျေမနပ်ကြည့်ကာ ပြောသည်။

"အစ်ကို လေး ငါက နင့်နောက်ကို ပျော်ပျော်ရွှင်ရွှင်နဲ့ လိုက်ချင်တယ်လို့ ထင်နေတာလား၊ အဖေကသာ မပြောထားရင် ငါက လိုက်မယ်လို့ထင်နေလား၊ အစ်ကို လေး ဒီမှာရှိတဲ့သူတွေက ကောင်းတဲ့သူတွေ တစ်ယောက်မှ မရှိဘူး၊ နင့်လိုမျိုး မှော်ပညာ မလေ့ကျင့်နိုင်တဲ့ဟာတွေချည်းပဲ၊ အစ်ကို လေး

ဒီတော့ အကယ်ဒမီကို ဝင်သွားတဲ့ အချိန်ကျရင် ကောင်းကောင်း ပြုမူရင် ကောင်းမယ်၊ တကယ်လို့ တစ်ခုခုသာ ဖြစ်ပျက်လာမယ်ဆိုရင် မိသားစုက နင့်ကို ကာကွယ်ပေးနေမှာ မဟုတ်ဘူး"

ချီရှောက်ရန်က မျက်လုံးကို မှိတ်လိုက်ကာ အသက်ပြင်းပြင်းရှူရင်း ပြောလိုက်သည်။

"ငါ သိပါတယ် ညီမငါး ကျေးဇူးပြုပြီး ဒါတွေကိုပဲ ထပ်ခါတလဲလဲ မပြောဘဲနေလို့ရမလား၊ မပင်ပန်းဘူးလား"

ချီရှောက်ယွီ"..."

"ငါကြားတာတော့ နတ်ဆိုးသမားတော် ပျောက်ကွယ်သွားပြီဆို"

ချီရှောက်ယွီက မသိသလို မေးလာသည်။

ချီရှောက်ရန်က မျက်ဝန်းထဲ အလင်းရောင်တွေ လက်သွားပြီးသည့်နောက် လက်ကာပြလိုက်ကာ ပြောလိုက်သည်။

"ဟုတ်တယ် သူက ခရီးထွက်သွားပြီလေ"

"ဘယ်ကို သွားတာလဲ"

ချီရှောက်ရန် ပုခုံးတွန့်လိုက်သည်။

"နတ်ဆိုးသမားတော်က အပျော်ဂေဟာတွေကို သွားတာ ကြိုက်တယ် မဟုတ်လား၊ လောကကြီးမှာရှိတဲ့ အပျော်ဂေဟာတွေထဲက တစ်ခုခုဆီ ရောက်နေမှာပေါ့"

ချီရှောက်ယွီ"..."

***

# အပိုင်း ၄၂
# ချီရှောက်ရန်က မေးခွန်းထုတ်ခြင်း

ချီရှောက်ယွီသည် ချီရှောက်ရန်၏ ကျောပြင်ကိုကြည့်ကာ ဆက်မလိုက်သွားပေ။ ရီချူးရွှယ်က သတင်းရသည့်အတွက် ချီရှောက်ရန် ရသည်မှာလည်း သေချာပေသည်။

ချီရှောက်ယွီဟာ ကျွင်းဟောင် နတ်ဆိုးသမားတော်ကို ကြိုက်ကြောင်း သိရသည့်အခါ မသက်မသာခံစားရသည်။ ချီရှောက်ယွီဟာ နတ်ဆိုးသမားတော် ထွက်သွားကြောင်း သိရသည့်အခါ စိတ်သက်သာရာ ရသွားတော့ပေသည်။

ချီရှောက်ယွီ၏နှုတ်ခမ်းတွေက ကော့တက်သွားကာ ပြုံးလိုက်သည်။ ရီချူးရွှယ်က နတ်ဆိုးသမားတော်ကိုရန်စခဲ့သည်။ ရီချူးရွှယ်က ရီဟောင်ကိုတောင် မေးမြန်းလေပြီး နတ်ဆိုးသမားတော် ထွက်ခွာသွားအောင် ဖိအားပေးခဲ့သည့်အတွက် ကျွင်းဟောင်နှင့် အခြေအနေက မကောင်းနိုင်တော့ပေ။

ရီဟောင်ကိုယ်တိုင်ကလည်း ယခု သေမလား၊ ရှင်မလား မသေချာသေးပေ။ ရီချူးရွှယ်၏ လက်ရှိအခြေအနေက ပို၍ပင် ဒုက္ခများနိုင်သည့် အခြေအနေဟု ဆိုရပေမည်။

နတ်ဆိုးသမားတော်က ထွက်သွားသည်မှာ အမြင်ကောင်းရှိသည်ဟု ဆိုရပေမည်။

"ကြည့်ရတာ ငါ့ရဲ့အချိန်တော့ ရောက်လာပြီပဲ။ "

ချီရှောက်ရှန်ဟာ နောက်ပြန်လှည့်ပြီး ချီရှောက်ယွီ၏ နှုတ်ခမ်းတွေ ကော့တက်နေကြောင်းကို မြင်လိုက်ရသည်။

'ကျွင်းဟောင်ကသာ ချီရှောက်ယွီလို ခွေးမနဲ့ယူလိုက်ရင်တော့ တကယ်ကို ပြဿနာများပြီပဲ။'

သူမက မိန်းမငယ်လေးပဲ ရှိနေသေးတာတောင်မှ ချီရှောက်ယွီက ငယ်စဉ်ကတည်းက ကလေးငယ်လေးတွေကို ဦးဆောင်ပြီး ချီရှောက်ရှန်ကို ခဲလုံးနှင့် ပစ်ပေါက်တာမျိုးတွေ လုပ်ခဲ့တယ်၊ 'ငယ်ငယ်ကတည်းက စရိုက်မကောင်းတာ သိသာနေတာပဲ၊ မိန်းကလေးတစ်ယောက်အနေနဲ့ ကြောက်မက်ဖွယ်ကောင်းလွန်းတယ်။ '

ချီရှောက်ရှန် ခေါင်းခါလိုက်သည်။ သူ အိပ်ဆောင်ရှိရာဘက်သို့ ထွက်လာခဲ့ လိုက်တော့သည်။

ကျွင်းမိသားစု။

ကျွင်းရန်ချွမ်က ထွက်လာကာ ပြောသည်။

"အားချန် မင်းရဲ့အစ်ကိုကြီး စိတ်အခြေအနေက ကောင်းပုံမရဘူး"

ကျွင်းချန်က ခေါင်းညိတ်သည်။

"ဟုတ်တယ်၊ နတ်ဆိုးသမားတော် ထွက်သွားလို့ ထင်ပါတယ်၊ နတ်ဆိုးသမားတော်က အခုလို ထွက်သွားတာတောင် သူ့ကို မနှုတ်ဆက်သွားလို့တဲ့လေ"

ကျွင်းရန်ချန်က မျက်မှောင်ကြုတ်သည်။

"ငါ သိထားတာတော့ နတ်ဆိုးသမားတော် မထွက်သွားခင်အထိ မင်းရဲ့ အစ်ကိုကြီးနဲ့ ဆက်ဆံရေးကောင်းနေခဲ့တာပဲ"

ကျွင်းချန်ကလည်း ခေါင်းညိတ်သည်။

"ဟုတ်တယ်၊ နတ်ဆိုးသမားတော် မသွားခင်အထိ ကျားအိုကြီးရဲ့သွားကို အစ်ကိုကြီးနဲ့အတူတူတောင် တိုက်ခဲ့သေးတာ၊ ဒါပေမယ့် ပျောက်သွားတဲ့ အချိန်မှာတော့ မနှုတ်ဆက်သွားဘူးလေ"

"ဖြစ်နိုင်တာက"

ကျွင်းရန်ချန်က ကျွင်းချန်ကို ကြည့်ကာ ပြောသည်။

"ဖြစ်နိုင်တာကဘာလဲ"

ကျွင်းချန်၏မျက်နှာက အလင်းရောင်တွေ လက်သွားကာ ပြော၏။

"ကျွန်တော် စတုတ္ထမင်းသားဆီက ကြားတာတော့ အင်ပါယာက နတ်ဆိုးသမားတော်ကို ဆုကြေးအနေနဲ့ ရွှေပြား သုံးသိန်း ချီးမြှင့်လိုက်တယ်တဲ့လေ"

ကျွင်းရန်ချန်က မျက်မှောင်ကြုတ်သည်။

"အရှင်မင်းကြီးက သဘောကောင်းလိုက်တာ"

ကျွင်းချန်က ခေါင်းညိတ်သည်။

"မဟုတ်ဘူး၊ နတ်ဆိုးသမားတော်က တကယ်တန်ပါတယ်"

ကျားပေါက်လေးက သည်တစ်ကြိမ် ဒုက္ခရောက်ပြီဟု သူ ထင်ခဲ့သော်လည်း နောက်ဆုံးတွင် နတ်ဆိုးသမားတော်က ဖြေရှင်းပေးနိုင်ခဲ့သည်။ ကျားအိုကြီးကတောင်မှ နတ်ဆိုးသမားတော်ကို သဘောကျသွားပုံရ၏။

"ဖြစ်နိုင်တာက နတ်ဆိုးသမားတော်က ပိုက်ဆံအများကြီးရလို့ ထွက်ပြေးသွားတာ ဖြစ်မယ်"

ကျွင်းရန်ချန်"..."

ကျွင်းရန်ချန်က သက်ပြင်းချကာ ပြောသည်။

"ငါ မင်းအစ်ကိုကြီးကို သွားတွေ့လိုက်အုံးမယ်"

ကျွင်းချန်က ခေါင်းညိတ်သည်။

"ဟုတ်ကဲ့ ဦးလေးသုံး၊ ဦးလေးသုံး အစ်ကိုကြီးကို ဖြောင်းဖျပေးမှရမယ်၊ ကျွန်တော်ဆိုရင်တော့ အဆင်မပြေနိုင်ဘူး၊ နောက်ပြီး သူ့ကြည့်ရတာ တစ်ဖက်သတ် ခံစားနေရတဲ့ပုံပဲ"

"ငါ လုံးဝ မထင်ထားတာက မင်းအစ်ကိုကြီးက တကယ်ပဲ တစ်ဖက်သတ်အချစ်မှာ ပျော်ဝင်သွားမယ်လို့လေ"

ကျွင်းရန်ချန်က ကူကယ်ရာမဲ့စွာ ခေါင်းရမ်းနေသည်။

ကျွင်းချန်က ရယ်သည်။

"ကျွန်တော်လည်း မထင်ထားတာ အမှန်ပဲ"

သည်လောကကြီးတွင် သူ့အစ်ကိုကြီးထက် မည်သူကမျှ ပြီးပြည့်စုံခြင်းမရှိပေ။ သို့သော် သူ့အစ်ကိုကြီးကို သဘောမကျသည့်သူကလည်း ရှိနေသေးပေသည်။

ကျွင်းရန်ချန်က ကျွင်းချန်ကို ကြည့်ပြီးပြောသည်။

"အားချန် မင်းလည်း အခြေအနေကောင်းပုံ မရပါဘူး"

ကျွင်းချန်က ပြုံးသည်။

"မဟုတ်ဘူး၊ ကျွန်တော်က အဝေးကြီးလိုပါသေးတယ်၊ ဒီအတိုင်း အစ်ကိုကြီးက အရာအားလုံးကောင်းမွန်နေပေမယ့် နောက်ဆုံးမှာတော့ ဒီပြဿနာကြုံရတယ်လို့ ခံစားလိုက်ရတော့ စိတ်ဝင်စားမိရုံပါ"

ကျွင်းရန်ချန်"..."

သူက ခေါင်းကုတ်သည်။ သူက ကျွင်းဟောင်အကြောင်းတွေးကာ ပြော၏။

"ငါ မင်းအစ်ကိုကြီးကို သွားဖျောင်းဖျလိုက်အုံးမယ်"

ကျွင်းရန်ချန်နှင့် ကျွင်းချန်တို့ဟာ ကျွင်းဟောင်ရှိရာ အဆောင်သို့ ရောက်လာခဲ့ပေသည်။

"ဦးလေးကျွင်း မတွေ့ရတာတောင် ကြာပြီနော်"

ထိုအချိန်တွင်ပင် ချီရှောက်ယွီက ရောက်လာကာ ညင်သာစွာပြောသည်။

ကျွင်းရန်ချန်က ပြုံးကာ ကြည့်သည်။

"အဆင်ပြေပါတယ်"

"ကျွင်းချန် နှင့်အစ်ကိုကြီးရော ဘယ်မှာလဲ၊ ငါ သူ့ကို ဒီနေ့ အကယ်ဒမီမှာ မတွေ့ဘူး၊ ကျောင်းအုပ်ကတောင် သူ့ကို ကျောင်းသားအသစ်တွေအတွက် မိန့်ခွန်းပြောပေးဖို့ မေးနေတာ"

ချီရှောက်ယွီက ပြောသည်။

ကျွင်းချန်က ခပ်ညစ်ညစ်ပြုံးလိုက်ကာ ပြောသည်။

"အစ်ကိုကြီးရဲ့စိတ်အခြေအနေ မကောင်းဘူး၊ အခုလေ့ကျင့်ရေးကွင်းထဲမှာ"

"ဘယ်လိုဖြစ်ပြီး စိတ်အခြေအနေ မကောင်းတာလဲ"

ကျွင်းချန်"…"

'သူ့ရဲ့အချစ်က ပျောက်သွားပြီ၊ သူ ဘယ်လိုဖြစ်ပြီး စိတ်အခြေအနေ ကောင်းမှာလဲ၊ နောက်ပြီး သူ့ကို ဟိုက ပြန်တောင် မကြိုက်ဘူးလေ။'

"ဘာရယ်မဟုတ်ပါဘူး၊ နတ်ဆိုးသမားတော် ထွက်သွားတော့ အစ်ကိုကြီး

ကို မနှုတ်ဆက်သွားလို့ဆိုပြီး စိတ်ပျက်နေတာပေါ့"

"ငါ့မှာ နတ်ဆိုးသမားတော်ရဲ့သတင်းရှိတယ်"

ကျွင်းချန်၏ မျက်ဝန်းတွေက တောက်ပသွားသည်။

သူက စိတ်လှုပ်ရှားစွာပြော၏။

"တကယ်လား မိန်းကလေးချီ နတ်ဆိုးသမားတော် ဘယ်သွားလဲဆိုတာကို မိန်းကလေးချီက သိတာလား"

"နတ်ဆိုးသမားတော်က တစ်လောကလုံးမှာရှိတဲ့ အပျော်ဂေဟာတွေကို လိုက်သွားနေတယ်လို့ပြောတာပဲ"

ချီရှောက်ယွီက ပြောသည်။

ကျွင်းချန်၏ မျက်နှာအမူအရာက ပြောင်းလဲသွားသည်။

"အိုး ဒီလိုကိုး"

ချီရှောက်ယွီက ကျွင်းချန်၏ မျက်နှာအမူအရာကိုကြည့်ကာ မျက်နှာပျက်သွားသည်။ သူမက တည်ငြိမ်အောင် မနည်းထိန်းကာ ပြော၏။

"ဟုတ်တယ်လေ"

ချီရှောက်ယွီ တွေးလိုက်သည်။ ကျွင်းဟောင်က တကယ်ပဲ နတ်ဆိုးသမားတော်ကို စိတ်ဝင်စားနေတာလား၊ မဟုတ်ရင် ကျွင်းချန်ရဲ့အမူအရာက အခုလို ပျက်သွားမှာ မဟုတ်ဘူး။

ကျွင်းချန်က ပြောသည်။

"အစ်ကိုကြီးကတော့ ကံဆိုးတာပဲ၊ နတ်ဆိုးသမားတော်ကို သူ လိုက်မယ်ကြံမှ နတ်ဆိုးသမားတော်က ထွက်သွားပြီ၊ ပြီးတော့ နတ်ဆိုးသမားတော်က အပျော်ဂေဟာတွေကို လိုက်သွားနေတာတဲ့၊ ဒါက နတ်ဆိုးသမားတော်ရဲ့အမှားတော့ မဟုတ်ပါဘူး၊ သူက အစ်ကိုကြီးကို ကလေးတစ်ယောက်လိုပဲ

ဆက်ဆံတာကို အစ်ကိုကြီးကိုယ်တိုင်ကလည်း ဖွင့်ဟထားတာ မဟုတ်တော့၊ ဘယ်အခြေအနေ ကောင်းပါ့မလဲ"

ချီရှောက်ယွီက ကျွင်းချန်၏အမူအရာကိုကြည့်ပြီး ပြောသည်။

"နင့်အစ်ကိုကြီး ဘယ်မှာလဲ"

ကျွင်းချန်က ပြောလိုက်သည်။

"အိမ်အနောက်ဘက်မှာ"

"ငါ သူ့ကို သွားတွေ့လိုက်မယ်"

ကျွင်းချန်က တစ်စုံတစ်ရာပြောရန် ပြင်လိုက်သည့်အချိန်တွင်ပင် ချီရှောက်ယွီက ထွက်ပြေးသွားခဲ့ချေပြီ။

***